
ရှ့ဟွာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်-၃၅)
Translator - Sunlight Team

# အခန်း ၃၄၉

*

"အခုတော့ ပြေးစရာလမ်း မရှိတော့ဘူးနော် အချောအလှလေး"

ထျန်းလင်းက ပြောရင်း သူမ၏လက်ကို ရှန်းယွီ၏ မျက်နှာဆီသို့ လှမ်းလိုက်သည်။

အခြားတစ်ဖက်တွင်မူ လီယောင်းသည် သူမ၏ဓားကို ဆွဲထုတ်ပြီးဖြစ်ကာ ထျန်းလင်းထံသို့ ရှိသမျှအားအင်အကုန်သုံး၍ လွှဲယမ်းလိုက်သည်။ သို့သော် ထျန်းလင်း၏ အရှိန်နှင့် နှိုင်းယှဉ်လျှင် လီယောင်း၏ လှုပ်ရှားမှုမှာ ရပ်တန့်နေ

သည့်အလား အလွန်တရာ နေးကွေးလွန်းလှသည်။

ထျန်းလင်း၏ လက်ချောင်းများ ရှန်းယွီ၏ အရေပြားနှင့် ထိတွေ့တော့မည့် ဆဲဆဲမှာပင် သူမသည် လေထဲ၌ ရုတ်တရက် တောင့်ခဲသွားတော့သည်။ သူမ၏ မျက်နှာမှာ ပုံပျက်ရှုံ့တွသွားပြီး စက္ကန့်ပိုင်းအတွင်းမှာပင် ဂိမ်းထဲ၌ ပြသာနာတက်နေသည့် NPC တစ်ဦးကဲ့သို့ ထောင်ပေါင်းများစွာသော အမူအရာများ တလှည့်စီ ပြောင်းလဲနေတော့သည်။

ထို့နောက် သူမ၏ အရေပြားများ စတင်အက်ကွဲလာပြီး အနက်ရောင် မိစ္ဆာအငွေ့အသက်များ ပန်းထွက်လာသည်။

လီယောင်းအတွက် အချိန်စီးဆင်းမှုမှာ ပုံမှန်

အတိုင်း ပြန်ဖြစ်သွားပြီး သူမ၏ဓားသည် ရှေ့သို့ ဆန့်တန်းထားသော ထျန်းလင်း၏လက်ကို ချက်ချင်းပင် ပိုင်းဖြတ်လိုက်တော့သည်။ ဓားသွားက အသားနှင့် အရိုးကို ထိမှန်သွားသည့် ခဏမှာပင် ရှန်းယွီသည် သူ၏ နယ်ပယ်ကို အသက်

သွင်းလိုက်ပြီး သူတို့သုံးဦးစလုံးကို ဟင်းလင်းပြင်ထဲသို့ ဆွဲခေါ်သွားခဲ့သည်။

ယခုအခါ သူတို့သည် အရပ်မျက်နှာအနှံ့ အဆုံးအစမဲ့ ကျယ်ပြောလှသော လုံးဝမှောင်အတိကျနေသည့် ဟင်းလင်းပြင်ထဲ၌ လွင့်မျောနေကြသည်။

ထိုအချိန်ကျမှသာ အဖြစ်အပျက်အားလုံးကို ထျန်းလင်း သဘောပေါက်သွားတော့သည်။ သူမ

သည် ကျန်ရှိနေသော လက်တစ်ဖက်ဖြင့် ခေါင်းကို အုပ်ထားလိုက်ပြီး ဖြစ်ပျက်သမျှကို နားလည်သွားသည့်အတွက် တစ်ကိုယ်လုံး ပြင်းထန်စွာ တုန်ယင်နေတော့သည်။

သူမသည် ရှိသမျှ အားအင်အကုန်သုံး၍ အော်ဟစ်လိုက်ရာ သူမ၏ခန္ဓာကိုယ်မှ နီရဲသော အငွေ့အသက်များမှာ မီးလျှံများကဲ့သို့ ပေါက်ကွဲထွက်လာပြီး ရှန်းယွီနှင့် လီယောင်းတို့ကို ဝေးရာသို့ လွင့်စင်သွားစေသည်။

"စီနီယာအစ်ကိုကြီး... အဆင်ပြေရဲ့လား"

လွင့်စင်သွားရာမှ ပြန်လည် ထိန်းချုပ်နိုင်သည်နှင့် လီယောင်းက ချက်ချင်း မေးလိုက်သည်။

"အင်း... အဆင်ပြေပါတယ်"

သူက ပြန်ဖြေလိုက်သော်လည်း သူ၏မျက်နှာ

တွင် အလွန်အမင်း အားစိုက်ထားရသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

တကယ်ကို ကြီးမားတဲ့ စွမ်းအားပဲ။

သူ စိတ်ထဲမှ တွေးလိုက်မိသည်။ သူမကို သူ၏နယ်ပယ်အတွင်း၌ ပိတ်လှောင်ထားနိုင်ရန် သူ အမှန်တကယ် ရုန်းကန်နေရခြင်းပင်။

သူ၏ခန္ဓာကိုယ်မှ နီရဲသော အငွေ့အသက်များနှင့် မှောင်မိုက်သော အငွေ့အသက်များ စတင်ထွက်ပေါ်လာသည်။ ထို့နောက် သူ၏ဆံပင်အရောင်မှာ တစ်ဖြည်းဖြည်း ပြောင်းလဲသွားပြီး တစ်ဖက်မှာ အဖြူရောင်၊ အခြားတစ်ဖက်မှာမူ နီရဲသောအရောင် ဖြစ်သွားသည်။ သူ၏ကြွက်သားများမှာလည်း အနည်းငယ် ထွက်ပေါ်လာသော်လည်း သေးသွယ်သော ကိုယ်ဟန်ကိုမူ

ထိန်းသိမ်းထားဆဲပင်။

ဒါ စီနီယာအစ်ကိုကြီးရဲ့ စစ်နတ်ဘုရားပုံစံလား။

လီယောင်းက ထိုအသွင်ပြောင်းလဲမှုကို ကြည့်ရင်း အံ့သြနေမိသည်။

ထိုအသွင်ပြောင်းလဲမှုထဲသို့ ရောက်ရှိသွားပြီးနောက် ရှန်းယွီ၏ ဖိအားမှာ အတန်ငယ်လျော့ပါးသွားသော်လည်း ထျန်းလင်းကို ထိန်းချုပ်ထားရန်မှာ ခက်ခဲနေဆဲပင်။

သူတို့နှစ်ဦးစလုံးသည် စိတ်ရှုးပေါက်နေသည့်အခြေအနေမှ ပြန်လည် နိုးထလာဟန်ရှိသော ထျန်းလင်းထံသို့ အာရုံစိုက်လိုက်ကြသည်။

သူမ၏ အရေပြားမှာ တစ်ကိုယ်လုံးအက်ကြောင်းများ ထင်နေပြီး ထိုအက်ကြောင်းတိုင်းမှ အနက်ရောင် မိစ္ဆာအငွေ့အသက်များ စိမ့်

ထွက်နေတော့သည်။

"မင်း... မင်းတို့ ကောင်တွေ ဘာတွေလုပ်လိုက်တာလဲ"

သူမက ခေါင်းကို အုပ်ထားရာမှ လွှတ်လိုက်ရင်း ဒေါသတကြီး မေးမြန်းလိုက်သည်။

ဘာတွေဖြစ်သွားသလဲဆိုသည်ကို နားလည်နိုင်ရန် သူမ၏ဦးနှောက်က အသည်းအသန် အလုပ်လုပ်နေသည်။ မသေမျိုးရတနာမှာ ပျက်စီးသွားခဲ့ပြီး ထိုအရာ ပျက်စီးသွားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ တစ်စုံတစ်ယောက်က မိစ္ဆာပန်းများကို ဖျက်ဆီးလိုက်ခြင်းကြောင့်သာ ဖြစ်ရမည်။ သို့သော် ပန်းတစ်ပွင့် နှစ်ပွင့်တည်း မဟုတ်ဘဲ ပန်းငါးပွင့်စလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ဖျက်ဆီးပစ်မှသာ ဤသို့ ဖြစ်

နိုင်ပေလိမ့်မည်။

ဤကဲ့သို့သော လုပ်ရပ်မျိုးကို လုပ်ဆောင်နိုင်သူမှာ ဗဟိုတိုက်ကြီးမှ ပညာရှင်များသာ ဖြစ်နိုင်သည်။ သို့သော် ၎င်းတို့မှာ ထိုရတနာ၏ မူလပိုင်ရှင်များ ဖြစ်ကြရာ ရတနာကို မထိခိုက်စေဘဲ သူမကိုသာ ဖမ်းဆီးလိုကြပေလိမ့်မည်။ မသေမျိုးရတနာတစ်ခုကို ပြန်လည်ပြုပြင်ရန်မှာ အလွန်တရာ အဖိုးအခ ကြီးမားလှသဖြင့် တစ်ခါတစ်ရံတွင် ပြုပြင်မည့်အစား အသစ်တစ်ခု ရှာဖွေခြင်းကပင် ပို၍ သက်သာပေလိမ့်မည်။

ဗဟိုတိုက်ကြီးရှိ ဂိုဏ်းများမှလွဲ၍ အခြားမည်သူမျှ မိစ္ဆာပန်းတစ်ပွင့်ကိုပင် ဖျက်ဆီးနိုင်ရန် မဖြစ်နိုင်သလောက်ပင်။

ဒါဆို ပန်းငါးပွင့်စလုံးကို တစ်ပြိုင်တည်း

ဖျက်ဆီးနိုင်တဲ့သူက ဘယ်သူ ဖြစ်မလဲ။

သူမသည် လီယောင်းနှင့် ရှန်းယွီတို့၏ ကျေနပ်နေသော မျက်နှာပေးများကို လှမ်းကြည့်လိုက်သည်။

တောက်... ဒါ သူတို့လက်ချက်ပဲ ဖြစ်ရမယ်။

ထိုသို့တွေးလိုက်မိသည်နှင့် သူမ၏ဒေါသမှာ ပိုမိုပြင်းထန်လာတော့သည်။

ဒါပေမဲ့ သူတို့ ဘယ်လိုလုပ်နိုင်ခဲ့တာလဲ။

ရုတ်တရက်ဆိုသလို သူမ၏မျက်နှာမှာ တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်ဖြင့် ဝင်းပသွားသည်။

"ကိုယ်ပွားလား မင်းမှာ ကိုယ်ပွားက တစ်ခုထက်မက ရှိနေတာပဲ"

သူမက အကွက်စိပ်များကို ဆက်စပ်ကြည့်ရင်း

ပြောလိုက်သည်။

ရှန်းယွီကမူ ဘာမှပြန်မပြောဘဲ ပြုံးပြလိုက်ရုံသာ ရှိသည်။ ထိုအပြုံးက သူမ၏ သံသယကို အတည်ပြုပေးလိုက်သလို ဖြစ်သွားသဖြင့် သူမ၏ဒေါသမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားတော့သည်။

"ငါ့ရဲ့ စွမ်းအားတွေ လျော့နည်းသွားရင်ရော ဘာဖြစ်လဲ။ နားရွက်နောက်က သွေးမခြောက်သေးတဲ့ ကလေးနှစ်ယောက်ကို ငါ မကိုင်တွယ်နိုင်ဘူးလို့ မင်းတို့ ထင်နေတာလား"

ထိုသို့အော်ဟစ်လိုက်ရင်း သူမသည် ရှန်းယွီဆီသို့ တိုက်ရိုက် ပြေးဝင်လာတော့သည်။

သူ တကယ် မြန်တာပဲ။

ရှန်းယွီက ချဉ်းကပ်လာသော သူမကို ကြည့်

ရင်း တွေးလိုက်မိကာ သူ ပြုံးလိုက်မိသည်။

သူမက တကယ်ကို လျင်မြန်ကာ သူတို့ထက် အဆပေါင်းများစွာ ပိုမြန်နေဆဲပင်။ သို့သော် ဤ အလျင်နှုန်းမှာ သူမ လှုပ်ရှားလိုက်တိုင်း အချိန် တွေ ရပ်တန့်သွားသလို ခံစားခဲ့ရသော ယခင် အခြေအနေနှင့် နှိုင်းယှဉ်လျှင်မူ ထိန်းချုပ်၍ရနိုင် သော အနေအထားတွင် ရှိနေသေးသည်။ ဤ နေရာတွင် သူမက အံ့မခန်း မြန်ဆန်နေဆဲ ဖြစ် သော်လည်း သူတို့အနေဖြင့် ပြန်လည်တိုက်ခိုက် ရန် အခွင့်အရေးရှိနေပြီဟု ခံစားလိုက်ရသည်။

ရှန်းယွီက လီယောင်းကို တစ်ချက်လှမ်းကြည့် လိုက်ရာ သူမကလည်း သူ၏ရည်ရွယ်ချက်ကို ချက်ချင်းပင် သဘောပေါက်သွားသည်။ မည် သည့်တုံ့ဆိုင်းမှုမျှမရှိဘဲ သူမသည် ဓားကို

မြောက်ကာ ထျန်းလင်းကို ထိပ်တိုက်ရင်ဆိုင်ရန် ရှေ့သို့ တိုးထွက်သွားတော့သည်...

...

ရှန်းယွီနှင့် လီယောင်းတို့သည် ဆန့်ကျင်ဘက် အရပ်မျက်နှာများသို့ လွင့်စင်သွားကြပြီး နှစ်ဦး စလုံး ကိုယ့်ကိုယ်ကိုယ် ပြန်လည်ထိန်းချုပ်နိုင် ရန် ရုန်းကန်နေကြရသည်။

သူတို့၏ ခန္ဓာကိုယ်များသည် ဟင်းလင်းပြင်ထဲ တွင် အရှိန်ဖြင့် လွင့်မျောသွားပြီးမှသာ အနိုင်နိုင် ပြန်လည် တည်ငြိမ်သွားကြ၏။

"ဒါပဲလား... မင်းတို့ တတ်နိုင်တာ ဒီလောက်ပဲ လား"

ထျန်းလင်းက လှောင်ပြောင်လိုက်သည်။

ရှန်းယွီသည် စိတ်ကိုပြန်လည်စုစည်းရင်း

အံကြိတ်လိုက်မိသည်။ သူမက တကယ်ကို အစွမ်းထက်လွန်းလှသည်။ ဟင်းလင်းပြင် နယ်ပယ်၏ ဖိနှိပ်မှုကို ခံထားရသည့်တိုင်အောင် သူမ၏ စွမ်းအားမှာ အံ့မခန်း ရှိနေဆဲပင်။ သူ၏ ခန့်မှန်းချက်အရ သူမ၏ အဆင့်မှာ အနည်းဆုံး ဘေးဒုက္ခနယ်ပယ်တွင် ရှိနေသည်။ စနစ်ဖြင့် စကင်ဖတ်ကြည့်လိုက်သောအခါ သူ၏ သံသယမှာ အတည်ဖြစ်သွားခဲ့သည်။ သူမသည် ဘေးဒုက္ခနယ်ပယ်၏ အလယ်အလတ်အဆင့်သို့ ရောက်ရှိနေသူ ဖြစ်သည်။

ပေါင်းစပ်ခြင်းနယ်ပယ်အတွင်း၌ ပြိုင်ဘက်ကင်းသည်ဟု ဆိုနိုင်သော သူနှင့် လီယောင်းတို့ အတွက်ပင် ဤစွမ်းအားကွာခြားချက်မှာ ရှုံးသွပ်စရာကောင်းလှသည်။ အခြားပြဿနာတစ်ခုမှာ

သူတို့၏ လက်နက်များမှာ ထိရောက်မှု သိပ်မရှိခြင်းပင်။ မသေမျိုးရတနာမှာ ပျက်စီးသွားပြီဖြစ်သော်လည်း အချို့သော လုပ်ဆောင်ချက်များမှာ အလုပ်လုပ်နေဆဲဖြစ်ရာ သူမသည် ၎င်းကို အသုံးပြု၍ သူတို့၏ ကောင်းကင်ဘုံအဆင့် လက်နက်များကို ဖိနှိပ်ထားသည်။

ဤသို့ အားနည်းချက်များစွာ ရှိနေသည့်တိုင်အောင် သူ မပြုံးဘဲ မနေနိုင်ပေ။ သူမကို သေသေချာချာ ကြည့်လိုက်လျှင် ရတနာပျက်စီးသွားမှုကြောင့် ဒဏ်ရာရရှိထားဆဲ ဖြစ်ကြောင်း တွေ့ရသည်။ သူမသည် တစ်စုံတစ်ရာသော ပြန်လည်ရှင်သန်ခြင်း စွမ်းရည်ကို အသုံးပြု၍ ပြတ်တောက်သွားသော လက်ကို ပြန်လည် ပေါက်စေခဲ့သော်လည်း ၎င်းမှာ သူ၏ ပြန်လည်

ရှင်သန်နှုန်းနှင့် ယှဉ်လျှင်မူ အဝေးကြီး လိုနေသေးသည်။

ရှုန်းယှီသည် သူ၏ ကုသခြင်းစွမ်းရည်ကို နောက်တစ်ကြိမ် ထပ်မံအသက်သွင်းလိုက်သည်။ သူတို့အားလုံးမှာ သူ၏ ဟင်းလင်းပြင်နယ်ပယ်အတွင်း၌ ရှိနေကြသဖြင့် သူသည် ကုသခြင်းစွမ်းအင်ကို ထိုနယ်ပယ်၏ မည်သည့်နေရာတွင်မဆို ဖန်တီးနိုင်သည်။ ဤနည်းလမ်းဖြင့်ပင် သူသည် လီယောင်းကို တိုက်ပွဲတစ်ခုလုံးတွင် အကောင်းဆုံးအခြေအနေ၌ ရှိနေအောင် ထိန်းသိမ်းပေးထားနိုင်ခြင်းပင်။

ရန်သူက အစွမ်းထက်လှသော်လည်း အင်အားကုန်ခမ်းမှုဆိုင်ရာ တိုက်ပွဲဆိုလျှင်မူ သူသည် တစ်နေကုန် တိုက်ခိုက်နိုင်စွမ်း ရှိသည်။

သို့သော်လည်း ဤတိုက်ပွဲကို ဤမျှအထိ ကြာရှည်မဆွဲလိုပေ။ တိုက်ပွဲကြာရှည်လေလေ မမျှော်လင့်ထားသော အရာများ ဖြစ်ပေါ်လာနိုင်ခြေ ပိုများလေလေ ဖြစ်သည်။

"အခုတော့ အစွမ်းကုန် ထုတ်သုံးရတော့မယ်"

သူ စိတ်ထဲမှ တွေးလိုက်သည်။

သူသည် ဤသတင်းစကားကို လီယောင်းထံသို့ စိတ်ချင်းဆက်၍ ပို့လိုက်ရာ သူမက ခေါင်းညိတ်ပြပြီး သူတို့၏ နောက်ဆုံးတိုက်စစ်အတွက် အသင့်ပြင်လိုက်သည်။

ထျန်းလင်းသည် ရှန်းယွီနှင့် လီယောင်းတို့ကြားသို့ အကြည့်လွှဲကာ စောင့်ကြည့်နေမိသည်။ သူမ ပေးလိုက်သော ဒဏ်ရာများမှ သူတို့သည် အကြိမ်ပေါင်း တစ်ရာမက ပြန်လည်နိုးထလာ

သည်ကို မြင်တွေ့နေရခြင်းပင်။ ယခုအခါ သူမ သည် ဤနေရာတွင် ဘာတွေဖြစ်ပျက်နေတာလဲ ဟု အလေးအနက် စတင်သံသယဝင်လာပြီ ဖြစ်သည်။

ရှန်းယွီကိုတော့ သူမ အတိုင်းအတာတစ်ခုအထိ နားလည်နိုင်သည်ဟု ထင်မိသည်။

"သူ့မှာ ဖီးနစ်သွေးမျိုးဆက် ရှိနေတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့... နယ်ပယ်တစ်ခုလုံးကို ထိန်းချုပ်နေတာရော၊ သွေးမျိုးဆက်နဲ့ ပြန်လည်ရှင်သန်နေတာရော၊ ပြီးတော့ ကောင်းကင်ဘုံ အဆင့်လက်နက်နဲ့ မရပ်မနား တိုက်ခိုက်နေတာ တွေပါ လုပ်ဖို့ဆိုရင် သူ ဘယ်လိုစွမ်းအင်မျိုးကို သုံးနေတာလဲ။ ဒါက သာမန် ဝိညာဉ်အင်အားနဲ့ တင် မလုံလောက်ဘူး"

သူမ အပြည့်အဝ နားမလည်သော်လည်း အနည်းဆုံးတော့ တစ်စိတ်တစ်ပိုင်း ရှင်းပြ၍ ရနိုင်သေးသည်။

သို့သော် လီယောင်းမှာမူ ပို၍ပင် မယုံကြည်နိုင်စရာ ကောင်းလှသည်။ သူမက ဒါတွေကို ဘယ်လိုများ ဆက်တိုက်လုပ်နေနိုင်တာလဲ။ ဒါက ကောင်းကင်ဘုံလမ်းစဉ်ကို လုံးဝဆန့်ကျင်နေခြင်းပင်။ ကောင်းကင်ဘုံလမ်းစဉ် ခန္ဓာကိုယ်ဆိုသည်မှာ ကောင်းကင်ဘုံ၏ စည်းမျဉ်းများ၏ ချုပ်ကိုင်မှုကို မခံရဘူးလားဟု သူမ တွေးတောမိသွားသည်။ အကယ်၍ ထိုသို့သာဆိုလျှင် သူမသည် ၎င်းကို ပို၍ပင် လိုချင်တပ်မက်မိသွားတော့သည်။

သူမ ဤသို့ တွေးနေစဉ်မှာပင် ရှန်းယွီနှင့် လီ

ယောင်းတို့သည် သူမဆီသို့ နောက်တစ်ကြိမ် ပြေးဝင်လာကြပြန်ရာ သူမသည်လည်း သူတို့၏ တိုက်စစ်ကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

သူမအနေဖြင့် နောက်ထပ် ကစားနေ၍ မဖြစ်တော့ကြောင်း သဘောပေါက်သွားသည်။ ဤတိုက်ပွဲ ကြာရှည်လေလေ သူမ ပို၍ အင်အားနည်းလာလေလေ ဖြစ်ရာ ဤကိစ္စကို အမြန်ဆုံး အဆုံးသတ်ရပေလိမ့်မည်...

***